5

သင်ခန်းစာ (၅)

# လူသားချင်းစာနာထောက်ထားမှုဆိုင်ရာ ပေါင်းစပ်ညှိနှိုင်းခြင်း

## Humanitarian Coordination

HARP-F
Humanitarian Assistance and Resilience Programme Facility

CROWN AGENTS
ACCELERATING SELF-SUFFICIENCY & PROSPERITY

UKaid
from the British people

HARP-F
Humanitarian Assistance and Resilience Programme Facility

# သင်ခန်းစာ ရည်ရွယ်ချက်

၁။ လူသားချင်းစာနာထောက်ထားမှု အကူညီပေးရေးလုပ်ငန်းများ ဆောင်ရွက်ရာတွင် ပေါင်းစပ်ညှိနှိုင်းခြင်း၏ အရေးပါပုံကို သိရှိနားလည်စေရန်၊

၂။ ပေါင်းစပ်ညှိနှိုင်းခြင်း၏ အခြေခံသဘောတရားများကို သိရှိနားလည်စေရန်။

HARP-F
Humanitarian Assistance and Resilience Programme Facility

# လုပ်ငန်းစဉ်များ နှင့် စနစ်များ

- လူသားချင်း စာနာထောက်ထားမှုဆိုင်ရာ ပေါင်းစပ်ညှိနှိုင်းခြင်းဆိုသည်မှာ ဆက်စပ်ဆီလျော်မှုရှိပြီး မူဝါဒ မှန်ကန်သော အရေးပေါ်တုံ့ပြန်မှုများဖြစ်စေရန် လူသားချင်းစာနာထောက်ထားမှုလုပ်ငန်းများ လုပ်ဆောင်နေသော အဖွဲ့အစည်းများအားလုံးကို အတူတကွ စုစည်းပေးခြင်းဖြစ်သည်။
- ကူညီကယ်ဆယ်ရေး သို့မဟုတ် အကာအကွယ်ပေးရေး လုပ်ငန်းများကို အလိုအပ်ဆုံး အချိန်တွင် လိုအပ်သူများအား ကူညီနိုင်ရန် ရည်ရွယ်သည်။

# ပေါင်းစပ်ညှိနှိုင်းခြင်းလုပ်ငန်းစဉ်များ

- အခြေအနေနှင့် လိုအပ်ချက်များကို လေ့လာဆန်းစစ်ခြင်း၊
- ဘုံ ဦးစားပေးလုပ်ငန်းများကို သဘောတူညီမှု ရယူခြင်း၊
- ဘုံ မဟာဗျူဟာများကို သဘောတူညီခြင်း (ဥပမာ - ကယ်ဆယ်ရေး အခွင့်အလမ်းများရရှိစေရန် ဆွေးနွေး ညှိနှိုင်းခြင်း၊ ဘဏ္ဍာငွေ နှင့် အခြားအရင်းအမြစ်များရရှိရန် ဆော်သြခြင်း)၊
- တသမတ်တည်းဖြစ်သော သတင်းပြန်ကြားရေးဖြစ်စေရန် ညှိနှိုင်းဆောင်ရွက်ခြင်း၊
- လုပ်ငန်းတိုးတက်မှုများကို စောင့်ကြည့်လေ့လာခြင်း။

# ပေါင်းစပ်ညှိနှိုင်းခြင်း အကျိုးရလဒ်များ

- ကြိုတင်ခန့်မှန်းနိုင်မှုကို မြင့်မားစေခြင်း၊
- လိုအပ်သည့်နေရာတွင် အကူအညီများ မရောက်ရှိခြင်း/မလုံလောက်ခြင်း၊ အချို့နေရာများတွင် အကြိမ်ကြိမ် ပံ့ပိုးမိခြင်းအား ရှောင်ရှားလျှော့နည်းစေနိုင်ခြင်း၊
- အဖွဲ့တစ်ခုနှင့်တစ်ခု ချိတ်ဆက်ဆောင်ရွက်၍ အရင်းအမြစ်များကို ရှာဖွေဖော်ထုတ်ပြီး လိုအပ်ချက်ကို ဖြည့်စွက်ပေးခြင်းဖြင့် ပိုမိုကောင်းမွန်သော စုပေါင်းရလဒ်များဖြစ်ပေါ်စေခြင်း ၊
- တာဝန်ခံမှုကို မြင့်မားစေခြင်း၊
- မိတ်ဖက်ပြု လက်တွဲလုပ်ဆောင်မှုကို မြင့်မားစေခြင်း။

# Cluster စနစ် ပေါင်းစပ်ညှိနှိုင်းခြင်း

- Cluster စနစ် ပေါင်းစပ်ညှိနှိုင်းခြင်းတွင် လူသားချင်းစာနာထောက်ထားမှုလုပ်ငန်းများ လုပ်ဆောင်ကြသည့်  UN အဖွဲ့အစည်းများ၊ UN မဟုတ်သော အဖွဲ့အစည်းများ ပါဝင်ပြီး သက်ဆိုင်ရာ ကဏ္ဍအလိုက် စုပေါင်းထားသော အစုအဖွဲ့များ ဖြစ်ပါသည်။

  ဥပမာ - ရေ နှင့် ပတ်ဝန်းကျင် သန့်ရှင်းရေးကဏ္ဍ (WASH Cluster) ၊ ကျန်းမာရေးကဏ္ဍ (Health Cluster)

- Cluster များကို လူသားချင်းစာနာထောက်ထားမှုအရေးကိစ္စများနှင့် ပတ်သက်၍ နိုင်ငံအလိုက် ဦးဆောင်ဦးရွက်ပြုသည့် Inter-Agency Standing Committee (IASC) မှ သတ်မှတ် တာဝန်ပေး ထားပါသည်။
- သက်ဆိုင်ရာ Cluster အလိုက် လုပ်ငန်း တာဝန်များ တိကျရှင်းလင်းစွာ ရှိပါသည်။

# Cluster စနစ်၏ ရည်ရွယ်ချက်


- စနစ်ကျနသော ကြိုတင်ပြင်ဆင်မှုများ အားကောင်းလာစေရန်၊
- အရေးပေါ်အခြေအနေ တုံ့ပြန်ရေး နည်းပညာ၊ စွမ်းဆောင်ရည်များ တိုးတက်လာစေရန်၊
- အရေးပေါ် အခြေအနေ တုံ့ပြန်ရာတွင် သက်ဆိုင်ရာ ကဏ္ဍ အသီးသီးတွင် ရှင်းလင်းသော ဦးဆောင်မှုနှင့် တာဝန်ခံယူမှု အားကောင်းလာစေရန်။

# Cluster ၏ အဓိက လုပ်ငန်းတာဝန်များ

- အကူအညီပေးသည့်အဖွဲ့များအကြား လုပ်နည်းလုပ်ဟန်များနှင့် ပတ်သက်၍ ဘုံနားလည်မှု ရရှိစေရန် ဆောင်ရွက်ခြင်း၊
- နေရာဒေသတစ်ခုတည်းတွင် တုံ့ပြန်ဆောင်ရွက်သည့်လုပ်ငန်းများ ထပ်နေခြင်းကို လျှော့ချရန် ဆောင်ရွက်ခြင်း၊
- လိုအပ်ချက်လေ့လာဆန်းစစ်မှုများပြုလုပ်ရန် ပေါင်းစပ်ညှိနှိုင်းပေးခြင်း၊ လစ်ဟာမှုများ ရှာဖွေသုံးသပ်ခြင်းနှင့် ဦးစားပေးလိုအပ်ချက်များကို ဖော်ထုတ်ခြင်း၊
- အရေးပေါ်အခြေအနေအတွက် ကြိုတင်ပြင်ဆင်မှုများ ရေးဆွဲခြင်း၊ လိုအပ်သောအချိန်တွင် cluster အလိုက် စွမ်းဆောင်ရည်မြှင့်တင်သည့် လုပ်ငန်းများ ဆောင်ရွက်ခြင်း၊
- ကဏ္ဍအလိုက် မဟာဗျူဟာများ ရေးဆွဲခြင်း၊ လိုက်နာရန် စံနှုန်းများ သတ်မှတ်ခြင်းနှင့် ရံပုံငွေလိုအပ်ချက်များ အတွက် အစီအစဉ်များ ရေးဆွဲခြင်း၊
- ကဏ္ဍ အလိုက်ရေးဆွဲထားသော မဟာဗျူဟာများ အကောင်အထည် ဖော်ရာတွင် စောင့်ကြည့်အကဲဖြတ်ခြင်းနှင့် အစီရင်ခံခြင်း၊ ပြင်ဆင်သင့်သည့် အချက်များကို အကြံပေးခြင်း။

HARP-F
Humanitarian Assistance and Resilience Programme Facility

# ကမ္ဘာ့အဆင့်တွင် Cluster အလိုက် ဦးဆောင်သော အဖွဲ့အစည်းများ



# မြန်မာနိုင်ငံတွင် Cluster အလိုက် ဦးဆောင်သော အဖွဲ့အစည်းများ

| ကဏ္ဍ/Cluster | ရခိုင်၊ ကချင်နှင့် ရှမ်းပြည်မြောက်ပိုင်းရှိ ဦးဆောင်အဖွဲ့အစည်းများ | အခြားနေရာတွင် ဦးဆောင်အဖွဲ့အစည်း |
|---|---|---|
| စခန်းတွင်းပေါင်းစပ်ညှိနှိုင်းရေးနှင့် စခန်းစီမံခန့်ခွဲမှု | UNCHR | IOM |
| အရေးပေါ် ပညာရေး | Save the Children and UNICEF | |
| နေရာထိုင်ခင်းနှင့်အစားစာမဟုတ်သော ပစ္စည်း | UNHCR | IFRC |
| အရေးပေါ် ဆက်သွယ်ရေး | WFP | |
| စားနပ်ရိက္ခာ ဖူလုံရေး | FAO & WFP | |
| ကျန်းမာရေး | WHO | |
| မျိုးဆက်ပွား ကျန်းမာရေး ကဏ္ဍခွဲ | UNFPA | |
| ထောက်ပို့ | WFP | |
| အာဟာရ | UNICEF | |
| အကာအကွယ်ပေးရေး | UNHCR | |
| ကလေးသူငယ် ကာကွယ်စောင့်ရှောက်ရေး ကဏ္ဍခွဲ | UNICEF | |
| ကျား/မ အခြေပြု အကြမ်းဖက်မှုပိုင်းဆိုင်ရာ ကဏ္ဍခွဲ | UNFPA | |
| ရေနှင့်ပတ်ဝန်းကျင်သန့်ရှင်းရေး | UNICEF | |

သင်ခန်းစာ ပြီးဆုံးပါပြီ

**References:**

- Basics of International Humanitarian Response (BIHR), United Nation High Commissioner for Refugees (UNHCR)
- Regional Training on Disaster Management Course, Asian Disaster Preparedness Center
- Essentials in Humanitarian Practice Training Course, University of East Anglia, April 2018